**မြန်မာအမြဲတမ်းကိုယ်စားလှယ် ဂျီ၇၇ အုပ်စု (Vienna Chapter) အလှည့်ကျဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့တက်ရောက်**
**(၂၀-၁-၂၀၂၆ ရက်၊ ဗီယင်နာ)**

ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့အခြေစိုက် ကုလသမဂ္ဂ နှင့်အခြားနိုင်ငံတကာ အဖွဲ့အစည်းများဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးမင်းသိမ်းသည် ၂၀-၁-၂၀၂၆ ရက်တွင် ဗီယင်နာ အပြည်ပြည်ဆိုင်ရာ စင်တာ၌ ကျင်းပခဲ့သည့် ဂျီ ၇၇ အုပ်စု အလှည့်ကျ ဥက္ကဋ္ဌတာဝန် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။
အဆိုပါအခမ်းအနားတွင် ဂျီ ၇၇ အုပ်စု ဥက္ကဋ္ဌ (၂၀၂၅) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ကင်ညာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးမှ အဖွဲ့ရုံးယာယီတာဝန်ခံက ၂၀၂၅ ခုနှစ်အတွင်း ဗီယင်နာမျက်နှာစာတွင် ဂျီ၇၇နှင့် တရုတ်အုပ်စု၏ လှုပ်ရှား ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီးနောက်၊ ၂၀၂၆ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ တာဝန် ကို အိန္ဒိယ အမြဲတမ်းကိုယ်စားလှယ် H.E. Mr. Shambhu S. Kumaran ထံလွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ဥက္ကဋ္ဌသစ်က မိန့်ခွန်းပြောကြားခဲ့သည်။ ဆက်လက်၍ ကုလသမဂ္ဂရုံး (UNOV)/ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ကုလသမဂ္ဂစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (UNIDO)၊ အပြည်ပြည်ဆိုင်ရာအဏုမြူစွမ်းအင်အေဂျင်စီ (IAEA)၊ နျူကလီးယားစမ်းသပ် ဖောက်ခွဲမှု အလုံးစုံတားဆီး ပိတ်ပင်ရေးစာချုပ် အဖွဲ့အစည်း (CTBTO) ၊ အာကာသ ဟင်းလင်းပြင်ဆိုင်ရာ ကုလသမဂ္ဂရုံး (UNOOSA)၊ ကုလသမဂ္ဂ၏ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဥပဒေကော်မရှင် (UNCITRAL) တို့မှ အကြီးအကဲ/ကိုယ်စားလှယ်များ၊ အမြဲတမ်း ကိုယ်စားလှယ်များ၊ အဖွဲ့ရုံးများမှ ကိုယ်စားလှယ်များကလည်း ဂုဏ်ပြုစကားများ ပြောကြား ခဲ့ကြသည်။

မြန်မာအမြဲတမ်းကိုယ်စားလှယ်က ဂုဏ်ပြုစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်အတွင်း ဂျီ ၇၇ ဥက္ကဋ္ဌ တာဝန်ယူခဲ့သော ကင်ညာအမြဲတမ်းကိုယ်စားလှယ် အနေဖြင့် တက်ကြွစွာဖြင့် ခေါင်းဆောင် ပေးနိုင်ခဲ့မှုအပေါ် ချီးကျူးဂုဏ်ယူကြောင်း၊ ယခု ၂၀၂၆ ခုနှစ် အလှည့်ကျ ဥက္ကဋ္ဌသစ်အဖြစ် အိန္ဒိယ အမြဲတမ်းကိုယ်စားလှယ်က တာဝန်ယူမှုအပေါ် ဂုဏ်ယူ ဝမ်းမြောက် ကြောင်း၊ အိန္ဒိယနိုင်ငံ၏ ခေါင်းဆောင်မှုအောက်တွင် ဂျီ ၇၇ အုပ်စု၏ ဘုံရည်မှန်းချက်များကို စည်းလုံးညီညွတ်စွာနှင့် ထိရောက်စွာ ဆက်လက် ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဥက္ကဋ္ဌသစ်အား အပြည့်အဝ ထောက်ခံအားပေးလျက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်

သွားမည်ဖြစ်ကြောင်း၊ ဂျီ ၇၇ အုပ်စု၏ စုပေါင်းအကျိုး စီးပွားများ မြှင့်တင်ရာတွင်လည်းကောင်း၊ တူညီဆန္ဒဖြင့် ဆောင်ရွက်သော ဗီယင်နာစိတ်ဓာတ်ကို ပိုမိုခိုင်မာစေရေးအတွက်လည်းကောင်း နီးကပ်စွာ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Myanmar Permanent Representative Attends Handover Ceremony of the Chairmanship of the G77 (Vienna Chapter)
(20 January 2026, Vienna)

Ambassador U Min Thein, Permanent Representative of Myanmar to the United Nations and other International Organizations based in Vienna, Austria, attended the handover ceremony of the Chairmanship of the Group of 77 (Vienna Chapter), held at the Vienna International Centre on 20 January 2026.

At the ceremony, the Charge d’Affaires of the Permanent Mission of Kenya, which served as Chair of the G77, briefed on the activities of the G77 and China undertaken in Vienna during 2025 and handed over the Chairmanship to H.E. Mr. Shambhu S. Kumaran, Permanent Representative of India, for 2026. The new Chair then delivered his remarks.

Congratulatory remarks were also delivered by heads and representatives of the United Nations Office at Vienna (UNOV)/the United Nations Office on Drugs and Crime (UNODC), United Nations Industrial Development Organization (UNIDO), International Atomic Energy Agency (IAEA), Comprehensive Nuclear-Test-Ban Treaty Organization (CTBTO), United Nations Office for Outer Space Affairs (UNOOSA), and United Nations Commission on International Trade Law (UNCITRAL), as well as Permanent Representatives and other representatives of the Missions.

The Myanmar Permanent Representative, in his congratulatory remarks, commended the Permanent Representative of Kenya for his active and able leadership

as the 2025 G77 Chair. He congratulated the Permanent Representative of India on assumption as Chair of the G77 for 2026, expressing his confidence in India’s leadership in achieving the Group’s shared goals through unity and effectiveness. The Permanent Representative assured the new Chair of Myanmar’s full support and active cooperation by working closely with him to promote collective interests and further strengthen the “Vienna Spirit” of consensus.

************************************


ienna Chapter
er Ceremony


G-77 Vienna Chapter
Handover Ceremony
G-77 CHAIR
INDIA


BULGARIA
MYANMAR